ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

The Republic of the Union of Myanmar

# မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
# နှင့်
# မျိုးစေ့ဥပဒေ

# THE LAW AMENDING THE SEED LAW
# &
# THE SEED LAW

၂၀၁၇ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

The Republic of the Union of Myanmar

# မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# THE LAW AMENDING THE SEED LAW

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း၊ (၁) ရက်

18th , February, 2015

# မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ မျိုးစေ့ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (င) ၏ နောက်၌ ပုဒ်မခွဲ (င - ၁) နှင့် (င- ၂) တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င - ၁) **မိဘမျိုးလိုင်း** ဆိုသည်မှာ အပင်မျိုးမွေးမြူ ထုတ်လုပ်ရန် မိဘအဖြစ် အသုံးပြုသော မျိုးလိုင်းကို ဆိုသည်။

(င - ၂) **နှစ်ရှည်သီးနှံ** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစားအလိုက် နှစ်ကာလတစ်ခုအထိ အကျိုးအမြတ်ရရှိနိုင်မည့် သီးနှံကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဈ) ၌ ပါရှိသော "စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်ကို "**ပြည်ပသို့ တင်ပို့၍ဖြစ်စေ၊** စီးပွားရေး အလို့ငှာ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။



# The Law Amending the Seed Law

**(Pyidaungsu Hluttaw Law No.5, 2015)**

**The 1st Waxing of Tabaung , 1376. M.E.**

**(18th February, 2015)**

The Pyidaungsu Hluttaw hereby enacts this Law.

1. This Law shall be called **the Law Amending the Seed Law.**

2. In section 2 of the Seed Law:

(a) After sub-section (e), sub-section (e-1) and (e-2) shall be inserted as follows:

"(e-1) **Parental Line** means the Line used as parent to breed and produce plant variety.

(e-2) **Perennial Crop** means crop that is cultivated continually and which is enable to obtain benefit till a certain period of the category of plant respectively.

(b) The expression "commercial distribution" contained in sub-section (i) shall be substituted by the expression "or commercial distribution either by exporting."

(ဂ) ပုဒ်မခွဲ (ည) ၌ ပါရှိသော "သတ်မှတ်သော အလေးချိန်" ဆိုသည့် စကားရပ်ကို **"သီးနှံ အမျိုးအစားအလိုက် သတ်မှတ် ထားသောအလေးချိန်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မျိုးစေ့ဥပဒေတွင်ပါရှိသော "အမျိုးသားမျိုးစေ့ကော်မတီ" ဆိုသည့် စကားရပ်ကို **"မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မျိုးစေ့ဥပဒေတွင် ပါရှိသော "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေးဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို **"ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၅။ မျိုးစေ့ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဆ) ၏ နောက်၌ ပုဒ်မခွဲ (ဇ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်၍ မူလဥပဒေပါ ပုဒ်မခွဲ (ဇ) ကို ပုဒ်မခွဲ (ဈ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည် -

"(ဇ) မှတ်ပုံတင်လက်မှတ်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ လိုင်စင်ခ၊ လိုင်စင် သက်တမ်းတိုးမြှင့်ခနှင့် အခြား အခကြေးငွေတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"

၆။ မျိုးစေ့ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က) တွင် ပါရှိသော "စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်"ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ)"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။



(c) The expression "weight or volume stipulated" contained in sub-section (j) shall be substituted by the expression "weight or volume stipulated of the crop category respectively"

3. The expression "National Seed Committee" contained in the Seed Law shall be substituted by the expression "National Seed-related Committee".

4. The expression "Myanmar Agriculture Service" shall be substituted by the expressions "Department of Agriculture" and the expression "Managing Director" contained in the Seed Law shall be substituted by the expression "Director General" respectively.

5. After sub-section (g) of section 5, sub-section (h) of the Seed Law shall be inserted as follows and sub-section (h) contained in the original Law shall be renumbered as sub-section (i):

"(h) prescribing the registration certificate fee, the registration certificate renewal fee, licence fee, licence renewal fee and other fees with the approval of the Ministry;

6. The expression "Deputy Director General of the Department of Agriculture Research" contained in sub-section (a) of section 6 of the Seed Law shall be substituted by the expression "Director (Seed Division), Department of Agriculture".

၇။ မျိုးစေ့ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ (က) အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်ကို စမ်းသပ်စိုက်ပျိုးရန် ပြည်တွင်းသို့ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် အပင်မျိုးသစ် တင်သွင်းခွင့်အတွက် ထောက်ခံချက်ရရှိရန် မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ လျှောက်ထားရမည်။

(ခ) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအား သတ်မှတ်ချက်များနှင့်အညီ စိစစ်စေပြီးအပင်မျိုးသစ်ကို ပြည်တွင်းသို့ တင်သွင်းခွင့်ရရှိရေးအတွက် ထောက်ခံချက် ထုတ်ပေးနိုင်သည်။"

၈။ မျိုးစေ့ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ (က) အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းလိုသည့် အပင်မျိုးသစ်အတွက် အသိအမှတ်ပြု လက်မှတ်ရရှိရန် အပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြ၍လျှောက်ထားရမည်။



7. Section 8 of the Seed Law shall be substituted as follows:

"8. (a) a person desirous of importing for adaptability test to obtain recognition certificate of new plant variety shall apply to the National Seed-related Committee with complete facts together with seed sample in accord with the stipulations to obtain recommendation for new plant variety that he desires to import.

(b) The National Seed-related Committee may, in respect of application under sub-section (a), issue recommendation to import of new plant variety after causing the Technical Seed Committee to scrutinize in accord with the stipulations.

8. Section 9 of the Seed Law shall be substituted as follows:

"9. (a) Any person desirous of producing or importing the new plant variety for commercial purpose shall apply to the National Seed-related Committee in accord with the stipulation by submitting complete facts of the new plant variety together with seed sample to obtain the recognition certificate for the new plant variety which he desires to produce or import.

(ခ) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စမ်းသပ်စိုက်ပျိုးပြီး စိစစ်တင်ပြရန် မျိုးစေ့ ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ တာဝန်ပေးအပ်ရမည်။ ယင်းသို့ တာဝန်ပေးအပ်ရာတွင် စပ်မျိုး မိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံ မျိုးသစ်များကို စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၉။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသည် -

(က) အပင်မျိုးသစ်ကို အပင်မျိုးနှင့် သင့်လျော်ပြီး ရာသီဥတုကွဲပြားခြားနားသည့် ဒေသသုံးခု၌ အနည်းဆုံးတစ်ရာသီ စမ်းသပ်စိုက်ပျိုး၍ အောက်ပါအချက်များပေါ်တွင် အခြေခံပြီး အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့်၊ မသင့် စိစစ်ရမည် -

(၁) ပြည်တွင်း၌ စိုက်ပျိုးပါက ကောင်းမွန်စွာ ဖြစ်ထွန်းနိုင်ခြင်း ရှိ၊ မရှိ၊

(၂) စမ်းသပ်စိုက်ပျိုးသော အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန် ကောင်းမွန်သောအချက်များ ရှိ၊ မရှိနှင့် ထူးခြားသည့် အရည်အသွေး ရှိ၊ မရှိ၊

(၃) အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိ။



(b) The National Seed-related Committee shall, in respect of application under sub-section (a), assign duty to the Technical Seed Committee to submit it after adaptability test. In assigning so, adaptability test on the parental line of hybrid and perennial crop may be exempted.

9. Section 10 of the Seed Law shall be substituted as follows:

"10. The Technical Seed Committee shall:

(a) recognize as the new plant variety after adaptability test in three locations at least one season which have different ecosystem and is appropriate for the plant variety, scrutinize whether or not to recognize based on the following facts:

(i) whether or not adaptable to cultivate in local;

(ii) whether or not the adapted new plant variety has better significance than the existing plant variety and has distinct quality;

(iii) whether or not the new plant variety may affect the natural environment and biodiversity.

(ခ) ပုဒ်မခွဲ (က) အရ စိစစ်တွေ့ရှိသည့် အပင်မျိုးသစ်ကိုလည်းကောင်း၊ မိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံများအတွက် အပင်မျိုးနှင့် သက်ဆိုင်သည့် အရည်အသွေး လက္ခဏာများ၊ သတင်းအချက်အလက်များကို ပြည့်စုံစွာပြုစုထားသည့် မှတ်တမ်းများကိုလည်းကောင်း စိစစ်၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် သင့်၊ မသင့် သဘောထားမှတ်ချက်နှင့်အတူ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြရမည်။"

၁၀။ မျိုးစေ့ဥပဒေပုဒ်မ ၁၁ ၊ ပုဒ်မခွဲ(က)တွင် ပါရှိသော "ထောက်ခံ" ဆိုသည့် စကားရပ်ကို **"သဘောထားမှတ်ချက်နှင့်အတူ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး "ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန် လျှောက်ထားသော" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "မျိုးစေ့အမျိုးအစား" ဆိုသည့်စကားရပ်ကို **"သီးနှံအမျိုးအစား"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၈) ၏နောက်တွင် ပုဒ်မခွဲငယ် (၈-က) အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်ရမည် -

"(၈- က) မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရရှိထားသော မျိုးစေ့ အရည်အသွေး စစ်ဆေးခန်း၏ ထောက်ခံချက်၊"

၁၃။ မျိုးစေ့ဥပဒေ ပုဒ်မ ၂၈ တွင် ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့် စကားရပ်ကို **"ကျပ် တစ်ဆယ်သိန်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။



(b) submit to the National Seed-related Committee together with the remarks whether or not to issue recognition certificate after scrutinizing the new plant variety under sub-section (a) or complete records of quality characters and information records relevant to parental line and perennial crops after scrutinizing.

10. The expression "recommended" contained in sub-section (a) of section 11 of the Seed Law shall be substituted by the expression "with remarks" and the expression "applied to produce or introduce" shall be deleted.

11. The expression "seed category" contained in sub-section (b) of section 16 of the Seed Law shall be substituted by the expression "crop category".

12. After sub-section (d), clause (viii) of section 18 of the Seed Law, new clause (viii-a) shall be inserted as follows.

("viii-a) the recommendation of the Seed Quality Testing Laboratory obtained the registration certificate recognized by the National Seed-related Committee.

13. The expression "two hundred thousand kyats" contained in section 28 of the Seed Law shall be substituted by the expression "ten hundred thousand kyats".

၁၄။ မျိုးစေ့ဥပဒေ ပုဒ်မ ၂၉ တွင် ပါရှိသော "ကျပ်တစ်သိန်း"ဆိုသည့် စကားရပ်ကို **"ကျပ် တစ်ဆယ်သိန်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၁ တွင် -

(က) ပုဒ်မခွဲ(က)၌ ပါရှိသော "ဖြန့်ဖြူးရောင်းချခြင်း" ဆိုသည့် စကားရပ်ကို **"စီးပွားရေး အလို့ငှာမဟုတ်သော ဖြန့်ဖြူး ရောင်းချခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ ပါရှိသော "မျိုးပွားခြင်းမဟုတ်ဘဲ" ဆိုသည့် စကားရပ်ကို **"မျိုးပွားခြင်းမဟုတ်ဘဲ သီးနှံစေ့"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ မျိုးစေ့ဥပဒေပုဒ်မ ၃၂ တွင် ပါရှိသော "မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ" ဆိုသည့် စကားရပ်ကို **"စီးပွားရေးအလို့ငှာမဟုတ်သည့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၃။ စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးမှုများကြောင့် သီးနှံပြန်လည်စိုက်ပျိုးရန် အပင်မျိုး လိုအပ်ချက်ဖြစ်ပေါ်လာပါက အပင်မျိုးအဖြစ် အသုံးပြုသင့်သည့် သီးနှံစေ့များကို စိုက်ပျိုးခွင့်ပြုနိုင်သည်။"

၁၈။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော " အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခု" ဆိုသည့်စကားရပ်ကို **"အစိုးရဌာနများ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။



14. The expression "one hundred thousand kyats" contained in section 29 of the Seed Law shall be substituted by the expression "ten hundred thousand kyats".

15. In section 31 of the Seed Law:

(a) the expression "distribution and sale" contained in sub-section (a) shall be substituted by the expression "distribution and sale of seed which is not for commercial purpose".

(b) the expression "not for multiplication" in sub-section (b) shall be substituted by the expression "grain not for multiplication".

16. The expression "the peasants and seed researchers who produce seed" contained in section 32 of the Seed Law shall be substituted by the expression "the farmers and seed researchers who produce seed not for commercial purpose".

17. Section 33 of the Seed Law shall be substituted as follows:

"33. The Department of Agriculture may, if the necessity of plant variety to recultivate the crop arises due to the natural disaster and other damage, allow to recultivate the grains which should be used as plant varieties.

18. The expression "any government department and organization contained in section 34 of the Seed Law shall be substituted by the expression "government departments".

၁၉။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၇ တွင် ပါရှိသော "ပြည်တွင်းသို့ တင်သွင်းလိုသူ" ဆိုသည့် စကားရပ်၏ နောက်တွင် **"သို့မဟုတ် ပြည်ပသို့ တင်ပို့လိုသူ"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၂၀။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၉။ (က) မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ရုံးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော ကော်မတီခွဲများ၏ ရုံးလုပ်ငန်းများကို ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာဌာနက ဆောင်ရွက်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



19. After the expression "desirous of introducing" contained in section 37 of the Seed Law, the expression "or desirous of exporting" shall be inserted.

20. Section 39 of the Seed Law shall be substituted as follows:

"39. (a) The office work of the National Seed-related Committee and the Technical Seed Committee shall be carried out by the Department of Agriculture.

(b) The office work of sub-committees formed under section 7 shall be carried out by the relevant department under the Ministry.

I hereby sign under the Constitution of the Republic of the Union.

Sd / TheinSein

President

The Republic of the Union of Myanmar

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

**THE UNION OF MYANMAR**

**THE STATE PEACE AND DEVELOPMENT COUNCIL**

# မျိုးစေ့ဥပဒေ

# THE SEED LAW

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း၊ (၇) ရက်

7th January 2011

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**မျိုးစေ့ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၁/၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ လ ၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မျိုးစေ့ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး နှစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **မျိုးစေ့** ဆိုသည်မှာ အပွင့် သို့မဟုတ် အသီးမှရရှိသော မျိုးစေ့နှင့် မျိုးပွားစိုက်ပျိုးနိုင်သော အပင် သို့မဟုတ် အပင်၏ အစိတ်အပိုင်းအားလုံးကို ဆိုသည်။

(ခ) **သီးနှံစေ့** ဆိုသည်မှာ မျိုးစေ့အဖြစ်မှအပ အခြား တစ်နည်းနည်းဖြင့် အသုံးပြုရန် ထုတ်လုပ်သည့် အစေ့နှင့်အဆံများကို ဆိုသည်။



The Union of Myanmar

The State Peace and Development Council

**The Seed Law**

(The State Peace and Development Council Law No. 1/2011)

The 3rd Waxing Day of Pyatho, 1372 M.E.

( 7th , January , 2011 )

The State Peace and Development Council hereby enacts the following law:

## Chapter I

## Title, Enforcement and Definition

1. (a) This Law shall be called **the Seed Law**.

(b) This Law shall come into force commencing from the day of completion of two years of its promulgation.

2. The expressions contained in this Law shall have the meaning given hereunder:

(a) **Seed** means seed obtained from a flower or a fruit and propagable and cultivable plant or all parts thereof;

(b) **Grain** means grain and kernel produced to use by any means other than as a seed;

(ဂ) **မျိုးသန့်မျိုးစေ့** ဆိုသည်မှာ ဗီဇမှန်ကန်ပြီး သတ်မှတ်ထားသော မျိုးစေ့စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် မျိုးစေ့ကိုဆိုသည်။

(ဃ) **အပင်မျိုး** ဆိုသည်မှာ စိုက်ပျိုးထားရှိသော အပင်နှင့် ပြင်ပရုပ်သွင်အားဖြင့်လည်းကောင်း၊ ဇီဝကမ္မအားဖြင့်လည်းကောင်း၊ ဗီဇအားဖြင့်လည်းကောင်း၊ ဓာတုပစ္စည်းပါဝင်မှုအားဖြင့်လည်းကောင်း တူညီ၍ အခြားထူးခြားသော အရည်အချင်းလက္ခဏာတစ်ရပ်ဖြင့် ထင်ရှားစွာ ဖော်ပြနိုင်ပြီး တစ်နည်းနည်းဖြင့် မျိုးဆက်ပြန့်ပွားသည့်အခါ တူညီသော မျိုးရိုးဗီဇနှင့် ထင်ရှားသော အရည်အချင်းလက္ခဏာများကို ဆက်လက်ဖော်ဆောင်နိုင်စွမ်းရှိသော မျိုးစေ့ကိုဆိုသည်။

(င) **အပင်မျိုးသစ်** ဆိုသည်မှာ လက်ရှိအပင်မျိုးနှင့် အနည်းဆုံးလက္ခဏာတစ်ရပ်ရပ်တွင် ထူးခြားစွာ ဆန်းသစ်မှုရှိရမည့်အပြင် စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိပြီး ထပ်ဆင့် မျိုးပွားရာတွင်လည်း ယင်း၏ လက္ခဏာရပ်များ ပြောင်းလဲမှုမရှိသော အပင်မျိုးကို ဆိုသည်။

(စ) **မျိုးစေ့စံချိန်စံညွှန်း** ဆိုသည်မှာ မျိုးစေ့အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားမျိုးစေ့ကော်မတီက စံအဖြစ် သတ်မှတ်သည့် အချက်များကို ဆိုသည်။



(c) **Pure Seed** means seed with varietal purity and that is in conformity with the seed standard;

(d) **Plant Variety** means the plant which has morphological, physiological and chemical resemblance with the growing plant and reveals distinctly the other specific characters and when propagated in various ways the same genetical characters are distinctly shown;

(e) **New Plant Variety** means the variety which expresses at least one characteristic and feature from the existing variety, reveals uniformity in characters when it is cultivated and there is no change in characters through propagation;

(f) **Seed Standard** means facts prescribed as standard by the National Seed Committee in relation to seed quality;

(ဆ) **မျိုးစေ့အရည်အသွေး** ဆိုသည်မှာ မျိုးစေ့၏ ဗီဇသန့်စင်မှု၊ အပင်ပေါက်ရာခိုင်နှုန်း၊ အစိုဓာတ်နှင့် မျိုးစေ့သန့်စင်မှုတို့ကို ဆိုသည်။

(ဇ) **မျိုးစေ့အရည်အသွေးစစ်ဆေးခန်း** ဆိုသည်မှာ မျိုးစေ့အရည်အသွေးကို သိရှိနိုင်ရန် စစ်ဆေးသည့် နေရာဌာနကို ဆိုသည်။

(ဈ) **မျိုးစေ့လုပ်ငန်း** ဆိုသည်မှာ မျိုးစေ့ကို ထုတ်လုပ်၍ဖြစ်စေ၊ ပြည်တွင်းသို့တင်သွင်း၍ဖြစ်စေ၊ ထုတ်လုပ်သူ သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသူထံမှ ရယူ၍ဖြစ်စေ၊ စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်းကို ဆိုသည်။

(ည) **စီးပွားရေးအလို့ငှာဖြန့်ဖြူးခြင်း** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း အမျိုးသားမျိုးစေ့ကော်မတီက သတ်မှတ်သော အလေးချိန် သို့မဟုတ် ပမာဏထက်ကျော်လွန်ပြီး မျိုးစေ့ဖြန့်ဖြူးခြင်းကို ဆိုသည်။

(ဋ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အပင်မျိုးသစ်ကို ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန် အသိအမှတ်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဌ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မျိုးစေ့အရည်အသွေးစစ်ဆေးခန်း ဖွင့်လှစ်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဍ) **လိုင်စင်** ဆိုသည်မှာ မျိုးစေ့လုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။



(g) **Seed Quality** means genetical purity, germination percentage, moisture content and purity of the seed;

(h) **Seed Testing Laboratory** means the place and centre for testing to enable to know the seed quality;

(i) **Seed Business** means the commercial distribution of seed by producing, importing or obtaining it from the producer or importer;

(j) **Commercial Distribution** means distribution of seed exceeding the weight or volume stipulated by the National Seed Committee within the stipulated period;

(k) **Recognition Certificate** means the certificate issued under this Law recognizing to produce or to introduce new plant variety;

(l) **Registration Certificate** means the certificate issued under this Law permitting to open Seed Testing Laboratory;

(m) **Licence** means a permit issued under this Law to carry out seed business;

(ပ) **ဝန်ကြီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မျိုးသန့်မျိုးစေ့ကို အသုံးပြု၍ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ခ) မျိုးစေ့လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နိုင်ရန်နှင့် ယင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကများက မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့သုတေသနပြုလုပ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်နိုင်ရေးကို အားပေးရန်၊

(ဃ) မျိုးစေ့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်နိုင်ရန်။



(n) **Ministry** means the Ministry of Agriculture and Irrigation.

## Chapter II
## Objectives

3. The objectives of this Law are as follows:

(a) to assist the development of agricultural sector of the State by cultivating and producing crops using pure seed;

(b) to enable to carry out the seed business commercially and to carry out such business systematically;

(c) to encourage for enabling participation in seed production and carrying out seed research of the Government departments, organizations and individuals;

(d) to enable the Government departments, organizations, international organizations, internal and external organizations and individuals to co-operate for the development of seed business.

## အခန်း (၃)
## အမျိုးသားမျိုးစေ့ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသား မျိုးစေ့ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ အမျိုးသားမျိုစေ့ကော်မတီဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော အမျိုးသားမျိုးစေ့ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။



## Chapter III
## Formation of the National Seed Committee

4. The Ministry, with the approval of the Government:

(a) shall form the National Seed Committee comprising the Deputy Minister for the Ministry of Agriculture and Irrigation as chairman, the Managing Director of the Myanmar Agriculture Service as secretary, representatives from the relevant Government departments and organizations, experts and other suitable persons as members.

(b) may determine and assign duties to the Vice-chairman and Joint Secretary in forming the National Seed Committee under sub-section (a).

(c) may reorganize, from time to time, the National Seed Committee formed under sub-section (a).

## အခန်း (၄)

## အမျိုးသားမျိုးစေ့ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ အမျိုးသားမျိုးစေ့ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မျိုးသန့်မျိုးစေ့ကို အသုံးပြု၍ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးစေ့ဆိုင်ရာမူဝါဒကိုချမှတ်ခြင်း၊

(ခ) စီးပွားရေးအလို့ငှာဖြန့်ဖြူးခြင်းဟု မှတ်ယူနိုင်ရန် သတ်မှတ်ကာလအတွင်း ဖြန့်ဖြူးသည့် မျိုးစေ့အလေးချိန်နှင့် ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကများ၏ မျိုးစေ့သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန် လိုအပ်သော မျိုးစေ့များကို ပေးပို့ခြင်းနှင့် လက်ခံခြင်း၊

(င) သင့်လျော်သော ကျွမ်းကျင်သူများပါဝင်သည့် မျိုးစေ့အရည်အသွေး စစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းရန် ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ လုပ်ငန်းများအား တာဝန်ပေးအပ်ခြင်း၊



## Chapter IV

## Functions and Duties of the National Seed Committee

5. The functions and duties of the National Seed Committee are as follows:

(a) adopting the seed policy for the development of the agricultural sector by cultivating and producing crops using pure seed;

(b) prescribing weight and volume of seed distributed within the prescribed period to be able to deem as commercial distribution;

(c) carrying out for the development of seed research works of the Government departments, organizations and individuals;

(d) dispatching and receiving necessary seeds to enable to do research according to the bilateral agreement;

(e) assigning duty to the relevant departments and enterprises under the Ministry to form, as may be necessary, seed quality inspection bodies comprising suitable experts;

(စ) မျိုးစေ့လုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) မျိုးစေ့ထုပ်ပိုးထားသော သို့မဟုတ် ထည့်သွင်းထားသော ပစ္စည်းပေါ်တွင် ဖော်ပြရမည့်အချက်များကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ အမျိုးသားမျိုးစေ့ကော်မတီသည် -

(က) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းထားသော မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။



(f) cooperating with the Government departments and organizations, international organizations, internal and external organizations and individuals relating to seed business;

(g) prescribing, from time to time, the facts to be mentioned on the material in which seed is packed or put;

(h) carrying out the functions and duties assigned by the Ministry from time to time.

6. The National Seed Committee:

(a) shall form the Technical Seed Committee comprising the Managing Director of the Myanmar Agriculture Service as chairman, Deputy Director General of the Department of Agricultural Research as secretary, experts from relevant Government departments, organizations and private enterprises as members, with the approval of the Ministry and determine the functions and duties;

(b) may reorganize the Technical Seed Committee formed under sub-section (a) from time to time.

၇။ အမျိုးသားမျိုးစေ့ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သော ကော်မတီခွဲများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။

## အခန်း (၅)
## အပင်မျိုးသစ်

၈။ အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့တင်သွင်းလိုသည့် အပင်မျိုးသစ်အတွက် အသိအမှတ်ပြု လက်မှတ်ရရှိရန် အပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့်တကွ အချက်အလက် အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီသို့ တင်ပြ၍ လျှောက်ထားရမည်။

၉။ အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မ ၈ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို စိစစ်တင်ပြရန် မျိုးစေ့ ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ တာဝန်ပေးအပ်ရမည်။

၁၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် -

(က) ပုဒ်မ ၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး အောက်ပါအချက်များပေါ်တွင် အခြေခံ၍ အပင်မျိုးသစ်အဖြစ် ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန် သင့် မသင့် စိစစ်ရမည် -



7. The National Seed Committee may form the necessary sub-committees for enabling to assist the Technical Seed Committee for carrying out its functions and duties effectively.

## Chapter V
## The New Plant Variety

8. Any person desirous of producing or introducing the new plant variety for commercial purpose shall apply to the National Seed Committee in accord with the stipulations by submitting complete facts of the new plant variety together with seed sample to obtain the recognition certificate for the new plant variety which he desires to produce or introduce.

9. The National Seed Committee shall assign duty to the Technical Seed Committee to scrutinize the requirements and submit in respect of the application under section 8.

10. The Technical Seed Committee:

(a) shall scrutinize the application under section 9 in accord with the stipulations and scrutinize as to whether or not it is appropriate to produce as new plant variety or to introduce based upon the following facts:

(၁) မြန်မာနိုင်ငံအတွင်း စိုက်ပျိုးပါက ကောင်းမွန်စွာ ဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ၊

(၂) အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန်ကောင်းမွန်ခြင်း ရှိ မရှိ နှင့် ထူးခြားသည့် အရည်အသွေး ရှိ မရှိ၊

(၃) အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိ။

(ခ) အပင်မျိုးသစ်နှင့်စပ်လျဉ်း၍ ပုဒ်မခွဲ(က)အရ စိစစ်တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ အမျိုးသားမျိုးစေ့ ကော်မတီသို့ တင်ပြရမည်။

၁၁။ အမျိုးသားမျိုးစေ့ကော်မတီသည် -

(က) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီက ထောက်ခံတင်ပြသော အပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့် အချက်အလက်များကို စိစစ်ပြီး ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန် လျှောက်ထားသော အပင်မျိုးသစ်ကို အသိအမှတ်ပြုကြောင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ အသိအမှတ်ပြုကြောင်း ဆုံးဖြတ်ပါက သက်ဆိုင်ရာ လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။



(i) whether or not adaptable to cultivate in Myanmar;

(ii) whether or not the new plant variety is better than the existing plant variety and it has distinct quality;

(iii) whether or not the new plant variety may affect the natural environment and biodiversity.

(b) shall submit to the National Seed Committee the finding of scrutiny under sub-section (a) in respect of the new plant variety together with remarks.

11. The National Seed Committee :

(a) shall decide on the recognition or refusal to recognize of the new plant variety applied to produce or introduce after scrutinizing the seed sample and particulars of the new plant variety recommended and submitted by the Technical Seed Committee.

(b) shall issue the recognition certificate to the relevant applicant if it is decided to recognize under sub-section (a).

## အခန်း (၆)

## မျိုးစေ့အရည်အသွေးစစ်ဆေးခန်း

၁၂။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်း ဖွင့်လှစ်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အမျိုးသား မျိုးစေ့ကော်မတီသို့ လျှောက်ထားရမည်။

၁၃။ အမျိုးသားမျိုးစေ့ကော်မတီသည် -

(က) ပုဒ်မ ၁၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်နိုင်ရေးအတွက် မှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်လက်မှတ်ခ ပေးသွင်းစေပြီး စည်းကမ်းချက်များပါရှိသည့် မှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာလျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ် ဖြစ်သည်။



## Chapter VI

## The Seed Testing Laboratory

12. Any person desirous of establishing the Seed Testing Laboratory shall apply to the National Seed Committee to obtain the registration certificate in accord with the stipulations.

13. The National Seed Committee:

(a) may, after scrutinizing the application under section 12, allow or refuse to issue the registration certificate for enabling to establish the Seed Testing Laboratory;

(b) shall, after causing the prescribed registration certificate fee to be paid if it is allowed to issue the registration certificate under sub-section(a), issue to the relevant applicant the registration certificate containing the terms and conditions;

(c) the term of a registration certificate issued under sub-section (b) shall be three years from the date of issue.

၁၄။ (က) မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ မျိုးစေ့ အရည်အသွေး စစ်ဆေးခန်းကို ဆက်လက်ဖွင့်လှစ်လိုပါက မှတ်ပုံတင် လက်မှတ် သက်တမ်း တိုးမြှင့်ပေးရန် ယင်းလက်မှတ် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီသို့ လျှောက်ထားရမည်။

(ခ) အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင် လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ခပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရမည်။

၁၅။ အမျိုးသားမျိုးစေ့ကော်မတီသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော မှတ်ပုံတင်လက်မှတ် ရရှိသူ၏ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။



14. (a) The registration certificate holder shall, if he desires to continue to establish the Seed Testing Laboratory when the term of the registration certificate has expired, apply to the National Seed Committee in accord with the stipulations at least 60 days prior to the expiry of the term of such certificate in order to renew the term of the registration certificate.

(b) the National Seed Committee may allow or refuse to renew the term of registration certificate after scrutinizing the application under sub-section (a). If it is allowed ιω ·enew the term of registration certificate, it shall cause the prescribed renewal fees to be paid and renew the term of the registration certificate.

15. The National Seed Committee may suspend for a limited period or cancel the registration certificate of a registration certificate holder who fails to comply with any terms and conditions contained in it.

## အခန်း (၇)
## မျိုးစေ့လုပ်ငန်း

၁၆။ မျိုးစေ့လုပ်ငန်းလုပ်ကိုင်လိုသူသည် -

(က) လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားရာတွင် မျိုးစေ့အမျိုးအစားတစ်မျိုးချင်းအတွက် လိုင်စင်သီးခြား လျှောက်ထားရမည်။

၁၇။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် -

(က) ပုဒ်မ ၁၆ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မျိုးစေ့စံချိန်စံညွှန်းနှင့် ညီညွတ်ခြင်း ရှိ မရှိ သက်ဆိုင်ရာ မျိုးစေ့အရည်အသွေးစစ်ဆေးရေးအဖွဲ့အား တာဝန်ပေး၍ စစ်ဆေးတင်ပြစေရမည်။

(ခ) ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာ မျိုးစေ့အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတင်ပြချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ခပေးသွင်းစေပြီး စည်းကမ်းချက်များ ပါရှိသည့် လိုင်စင်ကို သက်ဆိုင်ရာ လျှောက်ထားသူအား ထုတ်ပေးရမည်။



## Chapter VII
## Seed Business

16. A person desirous of carrying out the seed business:

(a) shall apply to the Technical Seed Committee to obtain a licence in accord with the stipulations;

(b) shall apply for licence separately for each seed category in applying under sub-section (a).

17. The Technical Seed Committee:

(a) shall assign the relevant Seed Quality Inspection Body to examine and submit as to whether or not it is in conformity with the seed standard relating to the application under section 16;

(b) may allow or refuse to issue licence after scrutinizing the examination and submission of the relevant Seed Quality Inspection Body under sub-section (a);

(c) shall issue the licence containing terms and conditions to the relevant applicant after causing the prescribed licence fee to be paid if it is allowed to issue the licence;

(ဃ) ပုဒ်မခွဲ(ဂ)အရ လိုင်စင်ထုတ်ပေးရာတွင် မျိုးစေ့အမျိုးအစားနှင့် အရည်အသွေးပေါ် မူတည်၍ လိုင်စင်သက်တမ်းကို ၁၀ နှစ်ထက် မပိုသောကာလ သတ်မှတ်နိုင်သည်။

၁၈။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) မျိုးစေ့ကို မျိုးစေ့စိုက်ခင်းတွင်သော်လည်းကောင်း၊ မျိုးစေ့အရည်အသွေး စစ်ဆေးခန်းတွင်သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ အရည်အသွေး စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကို ခံယူရမည်။

(ဃ) မျိုးစေ့ထုတ်ပိုးထားသော သို့မဟုတ် ထည့်သွင်းထားသော ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို မှန်ကန်စွာ ဖော်ပြရမည် -

(၁) ကုန်အမှတ်တံဆိပ်၊

(၂) မျိုးစေ့အမည်၊

(၃) မျိုးစေ့အလေးချိန် သို့မဟုတ် ပမာဏ၊

(၄) မျိုးစေ့အရည်အသွေး၊

(၅) သုံးစွဲရန်အညွှန်းစာ၊

(၆) သက်တမ်းကုန်ဆုံးမည့်ရက်စွဲ၊



(d) may determine the term of licence for a period not exceeding ten years based on the category and quality of the seed, in issuing the licence under sub-section (c).

18. A licence holder:

(a) shall abide by this Law and the rules, procedures, notifications, orders and directives issued thereunder;

(b) shall abide by the terms and conditions contained in the licence;

(c) shall submit to the examination of the Seed Quality Inspection Body in accord with the stipulations on the seed in the seed growing field or the Seed Testing Laboratory.

(d) shall mention correctly the following facts on the material in which the seed is packed or put:

(i) trademark;

(ii) variety name;

(iii) weight and volume of seed;

(iv) quality of seed;

(v) instruction for use;

(vi) date of expiry;

(၇) လိုင်စင်အမှတ်နှင့်ရက်စွဲ၊

(၈) မျိုးစေ့အရည်အသွေးနှင့်စပ်လျဉ်း၍ အာမခံကြောင်းဖော်ပြချက်၊

(၉) အမျိုးသားမျိုးစေ့ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် အခြားအချက်အလက်များ။

၁၉။ လိုင်စင်ရရှိသူသည် မျိုးစေ့အရည်အသွေး စစ်ဆေးမှုခံယူပြီးသော မျိုးစေ့ကိုသာ ဖြန့်ဖြူး ရောင်းချရမည်။

၂၀။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အခါ မျိုးစေ့လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ လျှောက်ထားရမည်။

၂၁။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် -

(က) ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်း တိုးမြှင့်ခ ပေးသွင်းစေပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။



(vii) number and date of licence;

(viii) warranty for seed quality;

(ix) other facts prescribed by the National Seed Committee from time to time.

19. The licence holder shall distribute and sell only the seeds which have undergone seed quality testing.

20. A licence holder shall apply to the Technical Seed Committee in accord with the stipulations at least 60 days prior to the expiry of the term of licence to renew the term of licence if he desires to continue to carry out seed business when the licence term has expired.

21. The Technical Seed Committee:

(a) may allow or refuse to renew the term of licence after scrutinizing the application under section 20 in accord with the stipulations.

(b) shall renew the term of licence after causing the prescribed renewal fee to be paid if it is allowed to renew the term of licence under sub-section(a).

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၂။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် ပုဒ်မ ၁၈ ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) ခွင့်ပြုထားသော မျိုးစေ့လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သက်ဆိုင်ရာမျိုးစေ့ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၉)
## အယူခံခြင်း

၂၃။ (က) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီက ပုဒ်မ ၂၂ အရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီထံ အယူခံနိုင်သည်။



## Chapter VIII
## Taking Administrative Action

22. The Technical Seed Committee may pass any or more of the following administrative orders on the licence-holder who fails to comply with any facts contained in section 18.

(a) temporary suspension of the seed business which has been permitted;

(b) permitting to continue to carry out the relevant seed business after causing fine to be paid and the requirements to be fulfilled;

(c) suspending the licence subject to a limited time;

(d) cancelling the licence.

## Chapter IX
## Appeal

23. (a) A person dissatisfied with an order or decision passed by the Technical Seed Committee under section 22 may file an appeal to the National Seed Committee in accord with the stipulations within 30 days from the date of the receipt of such order or decision.

(ခ) အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ချမှတ်သော အမျိုးသားမျိုးစေ့ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၄။ မည်သူမျှ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားခြင်းမရှိသော အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းမပြုရ။

၂၅။ မည်သူမျှ လိုင်စင်မရှိဘဲ မျိုးစေ့လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၂၆။ လိုင်စင်ရရှိသူ မည်သူမျှ မျိုးစေ့အရည်အသွေးအာမခံချက်နှင့် ကိုက်ညီခြင်းမရှိသော မျိုးစေ့ကိုသော်လည်းကောင်း၊ မျိုးစေ့အရည်အသွေး စစ်ဆေးမှု ခံယူခြင်းမပြုရသေးသော မျိုးစေ့ကိုသော်လည်းကောင်း ဖြန့်ဖြူးခြင်း မပြုရ။

၂၇။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ မျိုးစေ့အရည်အသွေး စစ်ဆေးခန်းကို ဖွင့်လှစ်ခြင်း မပြုရ။



(b) The National Seed Committee may approve, cancel or amend the order or decision passed by the Technical Seed committee relating to the appeal under sub-section (a).

(c) The decision of the National Seed Committee passed under sub-section (b) shall be final and conclusive.

## Chapter X
## Prohibitions

24. No person shall produce for commercial purpose the new plant variety for which the recognition certificate is not issued.

25. No person shall carry out seed business without a licence.

26. No licence-holder shall distribute seed that is not in conformity with the seed quality warranty or seed that has not yet undergone seed quality testing.

27. No person shall open Seed Testing Laboratory without a registration certificate.

## အခန်း (၁၁)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ပုဒ်မ ၂၄၊ ၂၅ သို့မဟုတ် ၂၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၀။ သက်ဆိုင်ရာတရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော မျိုးစေ့နှင့် ထုပ်ပိုးပစ္စည်းများကို လည်းကောင်း၊ မျိုးစေ့အရည်အသွေး စစ်ဆေးခန်းသုံးပစ္စည်းများကိုလည်းကောင်း စီမံခန့်ခွဲရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ရမည်။



## Chapter XI

## Offences and Penalties

28. Whoever violates any prohibition contained in sections 24, 25 or 26 shall, on conviction, be punished with imprisonment for a term not exceeding six months or with fine not exceeding two hundred thousand kyats, or with both. In addition, the exhibits involved in the offence shall also be confiscated.

29. Whoever violates the prohibition contained in section 27 shall, on conviction, be punished with imprisonment for a term not exceeding six months or with fine not exceeding one hundred thousand kyats, or with both. In addition, the exhibits involved in the offence shall also be confiscated.

30. The relevant Court shall transfer the confiscated seeds, packing materials and equipment used in Seed Quality Testing Laboratory to the Myanmar Agriculture Service for disposal.

## အခန်း (၁၂)
## အထွေထွေ

၃၁။ အောက်ပါအချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) တောင်သူလယ်သမားတစ်ဦးဦးက မိမိထုတ်လုပ်သည့် မျိုးစေ့ကို အခြားတောင်သူလယ်သမားအား ဖြန့်ဖြူးရောင်းချခြင်း၊

(ခ) မျိုးပွားခြင်းမဟုတ်ဘဲ အသီး၊ အပွင့်၊ အပင်နှင့် အပင်၏ အစိတ်အပိုင်းတို့ကို ဖြန့်ဖြူးရောင်းချခြင်း။

၃၂။ ဝန်ကြီးဌာနလက်အောက်ရှိဌာန၊ လုပ်ငန်းများနှင့်ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့ သုတေသန ပြုလုပ်သူတို့သည် ဤဥပဒေအရ လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၃၃။ အမျိုးသားမျိုးစေ့ကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်လက်မှတ်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်း တိုးမြှင့်ခ၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို သတ်မှတ်ရမည်။

၃၄။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် မျိုးစေ့လုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ လိုင်စင်လျှောက်ထားခြင်းအတွက် သတ်မှတ်ထားသော အခကြေးငွေ ပေးဆောင်ခြင်းမှ အမျိုးသားမျိုးစေ့ကော်မတီ၏ သဘောတူညီချက်ဖြင့် အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုအား ကင်းလွတ်ခွင့်ပြုနိုင်သည်။



## Chapter XII
## Miscellaneous

31. The provisions contained in this Law shall not apply to the following facts:

(a) distribution and sale of seed produced by any peasant by himself to another peasant;

(b) distribution and sale of fruit, flower, plant and parts of plant not for multiplication.

32. The peasants and seed researchers who produce seed in co-operation with the departments, services under the Ministry shall be exempted from obtaining licence under this law.

33. The National Seed Committee shall, with the approval of the Ministry, determine the registration certificate fee, registration certificate renewal fee, licence fee, licence renewal fee and other fees.

34. The Technical Seed Committee may, with the approval of the National Seed Committee exempt any Government department and organization from paying the stipulated fee for applying for a licence under this Law to carry out seed business.

၃၅။ ဤဥပဒေအာဏာတည်သည့်နေ့တွင် မျိုးစေ့အရည်အသွေး စစ်ဆေးခန်း ဖွင့်လှစ်နေသူသည် ယင်းစစ်ဆေးခန်း ဆက်လက် ဖွင့်လှစ်လိုပါက မှတ်ပုံတင်လက်မှတ်ကိုလည်းကောင်း၊ မျိုးစေ့လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်ကိုလည်းကောင်း ဤဥပဒေအာဏာတည်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရမည်။

၃၆။ ဤဥပဒေအရ စွဲဆိုသောပြစ်မှုတွင် မျိုးစေ့နှင့်စပ်လျဉ်း၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ မျိုးစေ့ အရည်အသွေး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

၃၇။ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသော အပင်မျိုးသစ်ကို ပြည်တွင်းသို့ တင်သွင်းလိုသူသည် ပါမစ် သို့မဟုတ် လိုင်စင်ရရှိရန် ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရာတွင် အသိအမှတ်ပြုလက်မှတ်ကို လျှောက်လွှာနှင့် အတူ ပူးတွဲ၍ တင်ပြရမည်။ ယင်းဌာန၊ အဖွဲ့အစည်းသည် အသိအမှတ်ပြုလက်မှတ် တင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးနိုင်သည်။

၃၈။ မျိုးစေ့ကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း ပြုလုပ်လိုသူသည် -

(က) ထောက်ခံချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ လျှောက်ထားရမည်။



35. Any person who is operating the Seed Testing Laboratory on the day of coming into force of this Law and desirous of continuing to operate such testing laboratory shall apply for registration certificate and any person who is carrying out any seed business and desirous of continuing to operate such business shall apply for licence within 90 days from the date of coming into force of this Law.

36. In an offence prosecuted under this Law, the report of the Technical Seed Committee on the finding of seed quality in respect of seed shall be conclusive proof for such offence.

37. Any person who is issued recognition certificate and desirous of introducing new plant variety shall, in order to obtain permit or licence, submit recognition certificate together with the application in applying to the Government department or organization which has the authority to issue permit or licence. Such department or organization may issue permit or licence only to a person who is able to submit recognition certificate.

38. Any person desirous to import or export the seed:

(a) shall apply to the Technical Seed Committee in accord with the stipulations to obtain a recommendation.

(ခ) ပါမစ် သို့မဟုတ် လိုင်စင်ရရှိရန် ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရာတွင် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ ထောက်ခံချက်ကို လျှောက်လွှာနှင့်အတူ ပူးတွဲ၍ တင်ပြရမည်။ ယင်းဌာန၊ အဖွဲ့အစည်းသည် အဆိုပါ ထောက်ခံချက် တင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးနိုင်သည်။

၃၉။ (က) အမျိုးသားမျိုးစေ့ကော်မတီ၏ ရုံးလုပ်ငန်းများကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

(ခ) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ရုံးလုပ်ငန်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၇ အရ ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့ခွဲများ၏ ရုံးလုပ်ငန်းများကို ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ ဌာန၊ လုပ်ငန်းက ဆောင်ရွက်ရမည်။

၄၀။ ဤဥပဒေပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့



(b) shall, in order to obtain permit or licence submit the recommendation of the Technical Seed Committee together with the application in applying to the Government department or organization which has the authority to issue permit or licence. Such department or organization may issue permit or licence only to a person who is able to submit the said recommendation.

39. (a) The office works of the National Seed Committee shall be carried out by the Ministry.

(b) The office works of the Technical Seed Committee shall be carried out by the Myanmar Agriculture Service.

(c) The office works of the sub-Committee formed under section 7 shall be carried out by the relevant department and services under the Ministry.

40. The offence under this Law is determined as cognizable offence.

41. If an exhibit involved in any offence prosecuted under this Law is not easily produceable before the Court, such exhibit need not be produced before the Court. However, a report or other relevant documentary evidence as to the manner of custody of the same may be submitted. Such submission shall be deemed as if it

သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၂။ အစိုးရဝန်ထမ်းမဟုတ်သော အမျိုးသားမျိုးစေ့ကော်မတီအဖွဲ့ဝင်များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော ချီးမြှင့်ငွေကို ခံစားခွင့် ရှိသည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားမျိုးစေ့ကော်မတီနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ



were a submission of the exhibit before the Court and the relevant Court may dispose of the same in accord with law.

42. The members of the National Seed Committee and the Technical Seed Committee who are not Government employees are entitled to obtain remuneration determined by the Ministry.

43. In implementing the provisions of this Law:

(a) the Ministry may make rules with the approval of the government and may issue procedures, notifications, orders and directives as may be necessary.

(b) the National Seed Committee and the Technical Seed Committee may issue notifications, orders and directives as may be necessary.

Sd / Than Shwe

Senior General

Chairman

The State Peace and Development Council